မိသားစု မေးလေ့မေးထရှိသော မေးခွန်းများ

အင်္ဂလိပ်စာသင်ယူသူများအတွက် ACCESS စစ်ဆေးခြင်း

- **ဘာကိုလဲ-** သင့်ကျောင်းသားသည် အရေးကြီးသော စစ်ဆေးမှုတစ်ခုကို **သောကြာနေ့၊ ဇန်နဝါရီ ၁၅ နှင့် သောကြာနေ့၊ ဇန်နဝါရီ ၂၂ တို့တွင် ဖြေဆိုလိမ့်မည်**
- **ဘယ်လိုလုပ်ရမလဲ-**
  - **သူငယ်တန်းကျောင်းသားများ-** သင့်ကျောင်းသားကို သင့်အတွက် သတ်မှတ်ပေးထားသော အချိန်တွင် ကျောင်းသို့ ပို့ပါ (သင့်ဆရာအား အချိန်ကိုမေးပါ)။ ၃၀ မိနစ်ကြာလျှင် ပြန်လာခေါ်ပါ
  - **၁-၂ တန်း ကျောင်းသားများ-** သင့်ကျောင်းသားကို နံနက် ၈း၀၀ နာရီတွင် ကျောင်းသို့ ပို့ပြီး နံနက် ၁၁း၃၀ တွင် ပြန်လာခေါ်ပါ
  - **၃-၅ တန်း ကျောင်းသားများ-** သင့်ကျောင်းသားကို မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျောင်းသို့ ပို့ပြီး မွန်းလွဲ ၃း၄၅ တွင် ပြန်လာခေါ်ပါ
  - ထိုရက်များတွင် လူကိုယ်တိုင်သင်ယူမှု၊ ကလေးထိန်း၊ (သို့) Zoom ၌သင်ယူမှုများ မရှိပါ
- **ဘာကြောင့်လဲ-** ACCESS သည် အင်္ဂလိပ်ဘာသာစကား သင်ယူသူများအတွက် တစ်နှစ်တစ်ကြိမ် ပြုလုပ်ပေးသော အထူးအရေးကြီးသည့် စစ်ဆေးမှုတစ်ခုဖြစ်သည်-
  - ACCESS သည် ကျွန်ုပ်တို့က သင့်ကျောင်းသားအား စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နှင့် နားထောင်ခြင်းတို့၌ မည်သို့ပံ့ပိုးရမည်ကို သိရှိစေသည်။
  - ACCESS က သင့်ကျောင်းသား ELD အတန်းကို တက်ရန်လိုမလို နှင့် အင်္ဂလိပ်စာသင်ယူသူ တစ်ယောက်အနေနှင့် ရယူရမည့် ဝန်ဆောင်မှုများကို ဆုံးဖြတ်နိုင်စေသည်။
  - ACCESS သည် ကျွန်ုပ်တို့၏ ထောက်ပံ့ငွေများ နှင့် ကျောင်း အဆင့်သတ်မှတ်ခြင်းများအပေါ် အကျိုးသက်ရောက်မှုရှိသည်။

မေးလေ့မေးထရှိသော မေးခွန်းများ

၁။ ကျွန်ုပ် ဤအကဲဖြတ်စစ်ဆေးမှုကို ဘာကြောင့် ဖြေဆိုရသလဲ?

သင့်ကျောင်းသားသည် အင်္ဂလိပ်ဘာသာစကား သင်ယူသူတစ်ယောက် ဖြစ်သောကြောင့် ဤအကဲဖြတ်စစ်ဆေးမှုကို ဖြေဆိုရခြင်းဖြစ်သည်။ ဤအကဲဖြတ်စစ်ဆေးမှုကို အစိုးရက ခွင့်ပြုထားပြီး ၎င်းသည် သင့်ကျောင်းသား တိုးတက်မှု နှင့် ပံ့ပိုးပေးရန် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည့်အရာကို သိရှိစေသည်။ ၎င်းသည် အကယ်၍ သင့်ကျောင်းသားက အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးမှု (ELD) ကိုတက်ရောက်နေပါက ကျောင်းသားများ အင်္ဂလိပ်စာတွင် စာဖတ်ခြင်း/စာရေးခြင်း/စကားပြောခြင်း/နားထောင်ခြင်းတို့ကိုပြုလုပ်သောအခါ အကျိုးသက်ရောက်မှု ရှိစေပါသည်။
သင့်ကျောင်းသားသည် ကျောင်းတွင် အင်္ဂလိပ်လိုပြောဆိုပြီး အိမ်မှာလည်း အင်္ဂလိပ်လိုပြောဆိုသည် ပင်လျှင် ACCESS က ကျွန်ုပ်တို့အား သူတို့ ကျောင်းတွင် အောင်မြင်ရန်လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ အင်္ဂလိပ်စာကို တိုင်းတာနိုင်စေသည်။ အကယ်၍သင့်ထံတွင် သင့်ကျောင်းသား ဆောင်ရွက်ပုံ နှင့် ပတ်သက်၍ မေးခွန်းများထပ်မံရှိပါက သင့် ဆရာအားမေးမြန်းပါ!

၂။ ကျွန်ုပ် ဘာကိုယူလာရမလဲ? ကျွန်ုပ်၏ ကျောင်းသားအား ဘယ်လိုပြင်ဆင်ပေးရမလဲ?

အားအပြည့်သွင်းထားသော Chromebook, သင့်အားသွင်းသည့် ကိရိယာ၊ နှာခေါင်းစည်းတစ်ခု၊ နှင့် အဆင်ပြေပေါ့ပါးသည့် အဝတ်အစားများ ယူလာပါ (သင့် ကျောင်းယူနီဖောင်းကို ဝတ်ဆင်ရန် မလိုအပ်ပါ)။ ကျွန်ုပ်တို့က အစားအသောက်များ ပေးကမ်းမည်မဟုတ်သောကြောင့် နေ့လည်စာ (သို့) နံနက်စာကို သင့်စစ်ဆေးမှု အပိုင်းအတွက် မလာရောက်မီ စားလာပါ။ အကယ်၍ သင်စောစောပြီးပါက သင့်ခုံအောက်တွင် ထားရှိမည့် စာအုပ်တစ်အုပ်ကို ယူလာနိုင်ပါသည်။
သင့်ကလေးသည် ACCESS အတွက် စာများလေ့လာ ကျက်မှတ်ရန် မလိုပါ။ သင့်ကျောင်းသားကို ကောင်းစွာ အိပ်ရေးဝစေခြင်းဖြင့် စစ်ဆေးသည့် နေ့များအတွက် ပြင်ဆင်ပေးပါ!

၃။ လူတိုင်းကို ဘယ်လိုဘေးအန္တရာယ် ကင်းရှင်းစေမည်လဲ?

အဆောက်အဦးတွင်းသို့ ဝင်ရောက်သော ကျောင်းသားများ နှင့် ဝန်ထမ်းများအားလုံးသည် RMP ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစဉ်များကို လိုက်နာရန် လိုအပ်သည်။ စစ်ဆေးသည့် နေ့တွင် အောက်ပါတို့ကို လုပ်ဆောင်ရမည်-

- ၁။ နှာခေါင်းစည်းများ- နှာခေါင်းစည်းများသည် ကျွန်ုပ်တို့အား ဘေးအန္တရာယ် ကင်းရှင်းစေရန် အထိရောက်ဆုံး နည်းများထဲမှ တစ်နည်းဖြစ်သည်။ လူတိုင်းသည် RMP အဆောက်အဦး တစ်ခုအတွင်း၌ ရှိသည့်အခါ ကျန်းမာရေးအရ ခြွင်းချက်ပေးထားသည်မှလွဲ၍ နှာခေါင်းစည်းကို တပ်ဆင်ရန်လိုသည်။

- ၂။ စစ်ဆေးရန် ပိုငယ်သော အုပ်စုများ- ကျွန်ုပ်တို့သည် ထိုနေ့အတွက် ပိုငယ်သော ကျောင်းသားအုပ်စုများကို သူတို့၏ စာသင်ခန်းထဲတွင် ထားရှိမည်။ ယင်းသို့လုပ်ခြင်းမှာ တစ်ဦး နှင့် တစ်ဦးအကြား တုံ့ပြန်ဆက်ဆံမှုများကို ပိုမိုနည်းပါးစေရန်ဖြစ်သည်။ သင့်ကျောင်းသားအား ၁၅ ယောက်ထက်နည်းသော ကျောင်းသားအုပ်စု တစ်ခုတွင် စစ်ဆေးလိမ့်မည်။

- ၃။ ကျောင်း၏ ပုံမှန်ဆောင်ရွက်ရန် အချိန်များကို ပြောင်းလဲထားခြင်း- ရောက်ရှိသောအချိန်၊ ရေချိုးခန်းသုံးသောအချိန်၊ နှင့် ပစ္စည်းများ ဝေမျှသုံးခြင်းတို့ အပါအဝင် ပုံမှန်ဆောင်ရွက်ရန် အချိန်များသည် တူညီလိမ့်မည်မဟုတ်ပါ။ ကျောင်းသားများ နှင့် ဝန်ထမ်းများအားလုံးသည် လူတစ်ဦး နှင့်တစ်ဦး ဝေးကွာအောင် နေစေလျက် ပစ္စည်းများကို ဝေမျှသုံးခြင်းမပြုရပါ။

- ၄။ ရောဂါလက္ခဏာ စိစစ်ခြင်း- RMP အဆောက်အဦး တစ်ခုအတွင်းသို့ ဝင်ရောက်သူများ အားလုံးကို COVID ရောဂါလက္ခဏာများအတွက် စိစစ်လိမ့်မည်။ ကိုယ်အပူချိန် ၁၀၀.၄ အထက်ရှိသော သူများကို RMP အဆောက်အဦး တစ်ခုအတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

- ၅။ တင်းကြပ်သော ဧည့်သည်မူဝါဒများ- ဝန်ထမ်းမှလွဲ၍ လူကြီးများကို ဝန်ဆောင်မှုရုံးခန်းမှ ကျော်လွန်၍ ဝင်ခွင့်မပြုပါ၊ ထို့နောက် ဝန်ဆောင်မှုရုံးခန်းတွင် မည်သည့်အချိန်၌ မဆို ဧည့်သည် ၁-၂ ယောက်သာရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ဆောင်ချက်များ ထားရှိမည်။

- ၆။ သီးခြားခွဲနေထိုင်စေခြင်း လုပ်ငန်းစဉ်များ- အကယ်၍ ကျောင်းသား (သို့) ဝန်ထမ်းတစ်ယောက်သည် နေမကောင်းပါက ၎င်းတို့ကို အိမ်သို့ပြန်နေစေရန် တတ်နိုင်သမျှ အမြန်ဆုံး ပံ့ပိုးဆောင်ရွက်ပေးမည်။

သင့်ကျောင်းသားသည် COVID-19 ရောဂါလက္ခဏာ တစ်ခုတစ်ရာ ပြသနေခြင်း (သို့) COVID-19 ပိုးရှိသည်ဟု စစ်ဆေးထားသောသူနှင့် ထိတွေ့မှုရှိခဲ့ပါက သူတို့အား ကျောင်းသို့ ခေါ်မလာပါနှင့်။ ထိုရောဂါလက္ခဏာများတွင်-

> အဖျား (၁၀၀.၄ ဒီဂရီ ဖာရင်ဟိုက်) သို့မဟုတ် အောက်ပါ ရောဂါလက္ခဏာများမှ တစ်ခုခု- တုန်ချမ်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း/ အသက်ရှူရခက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သား/ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အရသာသစ် (သို့) အနံ့သစ်မရခြင်း၊ လည်ချောင်းနာခြင်း၊ နှာပိတ်ခြင်း (သို့) နှာစေးခြင်း၊ ပျို့ခြင်း (သို့) အန်ခြင်း၊ ဝမ်းသွားခြင်း။

သင့်ကျောင်းသား ကျောင်းမတက်နိုင်ပါက ကျောင်းသို့ ခေါ်ဆို အသိပေးပါ။

၄။ ကျွန်ုပ်၏ ကျောင်းသားကို ဤအကဲဖြတ်စစ်ဆေးမှုတွင် မဖြေဆိုစေလိုပါ။ ကျွန်ုပ်၏ ရွေးချယ်စရာများသည် ဘာတွေပါလဲ?
သင့်ကျောင်းသား၏ သင်ယူမှုနှင့် ပတ်သက်သော အရေးကြီးသော အချက်အလက်များကို ဤအစိုးရက ခွင့်ပြုထားသော စစ်ဆေးမှုမှ တဆင့်ရယူပြီး လူတိုင်း ပါဝင်ဆောင်ရွက်ရန် ကျွန်ုပ်တို့ အထူးတိုက်တွန်းပါသည်။ သို့ရာတွင် သင့်ကျောင်းသားအား ဤစစ်ဆေးမှုတွင် မပါဝင်ရန် ရွေးချယ်လိုပါက ရွေးချယ်နိုင်သည်။ သင်က မပါဝင်လိုကြောင်းရွေးချယ်ရန် သေချာပါက သင့်တုံ့ပြန်မှုကို ရရှိစေရန် သင့်ဆရာထံ အသိပေးပါ (သို့) ကျောင်းသို့ ခေါ်ဆိုပါ။

၅။ ကျွန်ုပ်သည် ကျွန်ုပ်၏ ကျောင်းသားကို ဤအကဲဖြတ်စစ်ဆေးမှုတွင် ဖြေဆိုစေလိုသည်၊ သို့သော် သူတို့သည် ကြိုပို့ဝန်ဆောင်မှု အဆင်မပြေသောကြောင့် ထိုအချိန်တွင် မလာရောက်နိုင်ပါ။ ကျွန်ုပ်၏ ကျောင်းသားသည် အခြားတစ်ချိန်တွင် လာရောက်နိုင်ပါသလား?
အစားထိုးအချိန်များကို ဇန်နဝါရီ ၂၅ ရက် အပတ်မှ စတင်ရရှိနိုင်လိမ့်မည်။ သင့်ကျောင်းသားသည် အစားထိုးအချိန်တစ်ခုကို လိုအပ်ပါက သင့်ဆရာအားအသိပေးပါ၊ သင်စာရင်းသွင်းနိုင်ရန် တစ်စုံတစ်ယောက်က ဆက်သွယ်ပါလိမ့်မည်။